**1 တန်းနှင့် 2 တန်း**

Public education
**Discover a world of opportunities**

# နံပါတ်များ
# အိမ်တွင် လေ့လာသင်ယူခြင်း

## သင် အပြင်သို့ သွားရောက်သည့်အခါ လှုပ်ရှားဆောင်ရွက်ချက် အကြံဉာဏ်များကို ရေတွက်ထားပါ

### ကားထဲတွင်

သင့်ကလေးအား ကားထဲတွင် အလုပ်များနေရန် သင်နှင့်အတူ ကစားနိုင်သည့် ကစားပွဲများ အများအပြား ရှိပါသည်။

- သင့်ကလေးနှင့်အတူ ကား အရေအတွက်ကို ရေတွက်ပါ။ အရောင်တူ ကားများကို ရေတွက်ခြင်းအားဖြင့် ကစားပွဲကို အနည်းငယ် ပိုမိုခက်ခဲအောင် လုပ်ပါ။ အရောင်တစ်ခုချင်းအတွက် ရေတွက်ထားသည့် ကား စုစုပေါင်းကို မှတ်ထားပါ၊ ခရီးစဉ်ပြီးဆုံးသည့်အခါ မည်သည့်အရောင် ကားပိုများကြောင်း ကြည့်ပါ။ အရောင်တစ်ခုချင်းကို တန်ဖိုးများ သတ်မှတ်ပေးပါ။ ဥပမာ အဖြူရောင်ကားများ = 1 မှတ်၊ အမည်းရောင်ကားများ = 2 မှတ်၊ အပြာရောင်ကားများ = 3 မှတ်နှင့်အစဉ်အတိုင်း။
- ဦးတည်ရာအရပ်များကို ဤစကားများကိုသုံး၍ ပြောဆိုပါ ဘယ်ဖက်၊ ညာဖက်၊ မြောက်ဖက်၊ တောင်ဖက်၊ အရှေ့ဖက် နှင့် အနောက်ဖက်
- သင့်ကလေးအား လမ်းပြမြေပုံ သို့မဟုတ် လျှပ်စစ် လမ်းကြောင်းပြစက်ကို အညွှန်းနံပါတ်များနှင့် အက္ခရာစာလုံးများကို သုံးခြင်းအားဖြင့် မည်သို့ဖတ်ပုံကို ပြသပါ။
- ဓါတ်ဆီဆိုင်တွင် သင့်ကလေးအား ဤကဲ့သို့ မေးခွန်းများကို မေးပါ- *ယနေ့ ဓါတ်ဆီ ကုန်ကျစရိတ် ဘယ်လောက်ရှိသလဲ။* နှင့် *သင ဘယ်လိုသိသလဲ။*

### အိမ်နီးနားချင်း နေရာတွင်

သင့်ကလေးနှင့်အတူ အိမ်နီးချင်းနေရာ တစ်ဝိုက် လမ်းလျှောက် ထွက်သည့်အခါ-

- အိမ်နံပါတ်များကို လက်ညှိုးထိုးပြပြီး ၄င်းတို့မှာ ဖော်ပြပါဂဏန်းများ ဟုတ်မဟုတ် ပြောဆိုပါ  မဂဏန်း သို့မဟုတ် စုံဂဏန်း
- ပြောပါ ပုံသဏ္ဍာန်များ အကြောင်းကို, ဥပမာ- *ဦးစားပေးရမည့်သင်္ကေတမှာ သုံးမြှောက်တြိဂံ အတွင်းတွင် ရှိသည်*
- မိတ်ဆွေ တစ်ဦးအိမ်နှင့် ဆိုင်များဆီသို့ လမ်းလျှောက်သွားနေစဉ် ဦးတည်ရာဖက်များ အကြောင်းကို ပြောပါ။

### ဈေးဝယ်ခြင်း

ဈေးဝယ်ထွက်သည့်အခါ သူတို့အား အောက်ပါတို့ကို လုပ်ခိုင်းခြင်းအားဖြင့် သင့်ကလေးအား အလုပ်များနေစေပါ-

- သုံးမျက်နှာရှုထောင့်ပါသည့် အရာပစ္စည်းများကို လက်ညှိုးထိုးပြ၍ ၄င်းကို ဘယ်လိုခေါ်ကြောင်း မေးပါ၊ ဥပမာ-: *ဤဘူးသည် ဆလင်ဒါ ဘူးရှည်ဖြစ်သည်။*
- ငွေကြေး၊ အကြွေစေ့များ၊ ငွေစက္ကူများနှင့် အကြွေးဝယ်ကတ်များ အကြောင်းကို စူးစမ်းတွေ့ရှိပြီး ပြောဆိုပါ၊ ဥပမာ အရာပစ္စည်းများကို သင ဝယ်ယူရန်အတွက် သင သုံးသည့်ငွေစက္ကူများနှင့် အကြွေစေ့များ၊ ပေးသည့်ပြန်အန်းငွေများ၊ ဝယ်လိုက်သည့်ပစ္စည်း၏ စုစုပေါင်းပမာဏ နှင့် ကရက်ဒစ်ကတ်နှင့်ဒက်ဘစ်ကတ် ဘာဖြစ်ကြောင်း တို့ဖြစ်သည်။
- ပစ္စည်းအမျိုးအမည် တစ်ခုချင်း မည်မျှ လိုအပ်ကြောင်း တွက်ချက်ပါ၊ ဥပမာ- *အကယ်၍ လူတိုင်း ဝက်အူချောင်း နှစ်ခုစီ စားလျှင် ညစာအတွက် ကျွန်ုပ်တို့ မည်မျှ လိုမည်နည်း။*
- ရှာပြီး အစုလိုက်ထားပါ လေးလံသောနှင့် ပေါ့ပါးသော အရာပစ္စည်းများကို ဝယ်ပြီးနောက် သိမ်းဆည်းသည့် အခါဖြစ်သည်။



Department of
**Education**

**သင် ပိုမို၍ တွေ့လိမ့်မည်**
**အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချုပ်လွှာ**
**education.wa.edu.au.**

© Department of Education, Western Australia, 2015